# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
# ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

## တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေအတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး များတွင် လစ်လပ်လျက်ရှိသော **ဒုတိယဦးစီးမှူးရာထူး ၇၅ နေရာ** (လစာနှုန်း၊ ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး သတ်မှတ် အရည်အချင်း များနှင့် ကိုက်ညီသူများအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင် ပါသည်။

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

( ဂ ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။

(ဃ) ၃၀ - ၁၁ - ၂၀၂၁ ရက်တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

( င ) ဝန်ထမ်းဖြစ်ပါက ၃၀-၁၁-၂၀၂၁ ရက်တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

( စ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဆ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဇ) အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့် အတူအောက်ပါအချက်များ ပါဝင်ရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ (၃) ပုံ
( နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန် )

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
( မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။ )

(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင်လည်း ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၁၆-၁၁-၂၀၂၂ ရက်နေ့မှစတင် ထုတ်ပေးသွားမည်ဖြစ်ပြီး ၇-၁၂-၂၀၂၂ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်လွှာ ရယူ ခဲ့သည့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ လိပ်မူ၍ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာတွင် မိမိဖြေဆိုလိုသည့် စာစစ်ဌာန (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်) ကို တစ်ပါတည်း ဖော်ပြပေးရမည်။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက် နှင့် မကိုက်ညီသူများ၊ ပူးတွဲ တင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံ စဉ်းစားပေးမည် မဟုတ်ပါ။

၅။ ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ခွင့်ပြုထောက်ခံချက်ဖြင့် သက်ဆိုင်ရာဌာနမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

၆။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်နှင့် စာမေးပွဲဖြေဆိုရမည့်ရက်တို့ကို လျှောက်လွှာ ရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ စာစစ်ဌာနများဖြစ်သည့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး [ ရုံးအမှတ် (၂၂)၊ နေပြည်တော် ]၊ ရန်ကုန်တိုင်းဒေသကြီး နှင့် မန္တလေး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၏ ကြော်ငြာသင်ပုန်းနှင့် ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများသည် မြန်မာစာ၊ အထွေထွေဗဟုသုတ ဘာသာရပ်မေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ်မေးခွန်းတို့အား သတ်မှတ်ပေးသည့် စာစစ်ဌာနများတွင် ၁၉-၁၂-၂၀၂၂ ရက်နေ့ ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုသူ များသည် နိုင်ငံသားစိစစ်ရေးကတ်အား တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစာမေးပွဲ၊ ကွန်ပျူတာကျွမ်းကျင်မှု နှင့် စိတ်အခြေအနေ စစ်ဆေးခြင်းများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ပြုလုပ်မည် ဖြစ်ပါသည်။ လူတွေ့ စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ လူတွေ့စစ်ဆေးမည့် နေ့ရက်နှင့် အချိန်တို့ကို UEC Website ဖြစ်သော www.uec.gov.mm တွင် ထုတ်ပြန် ကြေညာသွားမည် ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး [ ရုံးအမှတ် (၂၂)၊ နေပြည်တော် ] ဖုန်း - ၀၆၇-၃၄၀၄၂၂၃၊ ၀၆၇-၃၄၀၄၂၀၈ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**